# အပြည်ပြည်ဆိုင်ရာဌာနေလူမျိုးစုများနေ့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၏ ထုတ်ပြန်ကြေငြာချက်

## အနာဂတ်အတွက် ကြိုးပမ်းရုန်းကန်ခြင်း

**ဩဂုတ်လ (၉) ရက်၊ ၂၀၂၄ ခုနှစ်**

ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာဌာနေလူမျိုးစုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကော်သူးလေနယ်မြေ၊ မူတြော်ခရိုင်၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိ ကျွန်ုပ်တို့သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၊ မူတြော်ခရိုင် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ သက်ကြီးဝါကြီးအကြံပေးများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နှင့် ဒေသခံဌာနေလူမျိုးစုအပေါင်းတို့သည် သဘာဝနှင့်အပြန်အလှန်မှီခိုအကျိုးပြုသည့် မိမိတို့၏ရိုးရာယဉ်ကျေးမှု၊ ရိုးရာနေထိုင်မှုပုံစံ၊ ဓလေ့ထုံးတမ်းနှင့် မိမိတို့၏ဘိုးဘွားနယ်မြေဒေသကိုပံ့ပိုးနေသည့် ဇီဝမျိုးကွဲများအကြောင်းကို ထုတ်ဖော်ပြသရန်၊ နှင့် တစ်ချိန်တည်းတွင် ဖိနှိပ်ချုပ်ချယ်မှု၊ နယ်ချဲ့ဝါဒ၊ နှင့် သဘာဝအရင်းအမြစ် မတရားဖျက်ဆီးထုတ်ယူမှုများကို ဆန့်ကျင်တော်လှန်နေသည့် ကမ္ဘာတစ်ဝန်းရှိဌာနေလူမျိုးစုအပေါင်းနှင့်ထပ်တူရှိကြောင်းကို ပြသရန်အတွက် စည်းလုံးညီညွတ်စွာစုဝေးလျက် ဤနေ့ထူးနေ့မြတ်ကို ဂုဏ်ပြုဆင်နွှဲပါသည်။ ဆက်လက်ပြီး ကိုယ်ပိုင်ပြဌာန်းခွင့်နှင့် မိမိနယ်မြေ မိမိကိုယ်တိုင်စီမံအုပ်ချုပ်ပိုင်ခွင့်တို့အတွက် မားမားမတ်မတ်ရပ်တည်ကာ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း တစ်စိတ်တစ်ဝမ်းတည်း သန္နိဋ္ဌာန်ပြုပါသည်။

ယခုနှစ် အပြည်ပြည်ဆိုင်ရာဌာနေလူမျိုးစုများနေ့၏ခေါင်းစဉ်မှာ **ဌာနေလူမျိုးစုတို့၏ သီးခြားနေထိုင်လိုသည့် အခွင့်အရေးကိုဖြစ်စေ၊ လူမှုအသိုင်းအဝန်းနှင့်ထိတွေ့လိုသည့်အခွင့်အရေးကိုဖြစ်စေ ကာကွယ်ရမည်** ဟူ၍ဖြစ်သည်။ ကျွန်ုပ်တို့ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အုပ်ချုပ်ရေးကော်မတီနှင့် ဌာနေကရင်လူမျိုးစုတို့သည်လည်း မိမိတို့၏အသက်အိုးအိမ်လုံခြုံရေးအတွက် သီးခြားနေထိုင်နေရသည့်ဌာနေလူမျိုးစုအားလုံးနှင့် တစ်စိတ်တစ်ဝမ်းတည်းပင်ဖြစ်သည်။ တစ်ချိန်တည်းတွင် ဌာနေလူမျိုးစုတို့၏မြေယာနှင့်နယ်မြေဒေသစုပေါင်းစီမံခန့်ခွဲပိုင်ခွင့်ကို ကာကွယ်ပေးခြင်းက သစ်တောနှင့်လူမှုအသိုင်းအဝန်းတို့ကိုလည်း အတူရှင်သန်ဖွံ့ဖြိုးတိုးတက်စေနိုင်မည်ဖြစ်ကြောင်းကို ကျွန်ုပ်တို့ကလက်ခံအသိအမှတ်ပြုသည်။ ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေလူမျိုးစုများအခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်း အပိုဒ် (၄) တွင် ဌာပနာထားပြီးဖော်ပြထားသည့်အတိုင်း မိမိတို့၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို စွဲကိုင်ကျင့်သုံးကြသည့်ဌာနေလူမျိုးစုတို့သည် ကိုယ်ပိုင်အုပ်ချုပ်ခွင့် (သို့မဟုတ်) မိမိကိုယ်ကိုမိမိစီရင်အုပ်ချုပ်ပိုင်ခွင့် ရှိသည်။

သံလွင်ငြိမ်းချမ်းရေးဥယျာဉ်ရှိ ဌာနေကရင်လူမျိုးစုများ၏ကျေးဇူးကြောင့် ယခုအခါ ဥယျာဉ်ထဲတွင် ဌာနေလူမျိုးစုများကိုယ်တိုင်စီမံခန့်ခွဲသည့် ‘ကော်’ နယ်မြေ ၂၉၅ ခု၊ တောရိုင်းတိရစ္ဆာန်ဘေးမဲ့သစ်တော ၆ ခု၊ ကြိုးဝိုင်းသစ်တော ၉ ခု၊ နှင့် ကျေးရွာပိုင်ဘုံသစ်တော ၄၃ ခုတို့ကို နယ်နိမိတ်အတိအကျနှင့်မှတ်တမ်းတင်နိုင်ခဲ့ပြီး ဤနယ်မြေဒေသများသည် ဌာနေကရင်လူမျိုးစု ၁၀၀,၀၀၀ ကျော်တို့၏ ကာကွယ်မှုနှင့် စီမံအုပ်ချုပ်မှုများအောက်တွင် ရှိသည်။ ဤသည်မှာ အဖက်ဖက်ပါဝင်ပြီး အောက်ခြေဌာနေလူမှုအသိုင်းအဝန်းတို့၏ ပါဝင်ဆုံးဖြတ်မှုတို့အပေါ်အခြေခံခြင်းဖြစ်သလို မျိုးဆက်အဆင့်ဆင့်ကျင့်သုံးလာသည့် ဌာနေကရင်လူမျိုးစုတို့၏ ရိုးရာကိုယ်ပိုင်စီမံအုပ်ချုပ်မှုစနစ်တို့ကို လက်တွေ့ဖော်ဆောင်ကျင့်သုံးသည့် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏ သဘာဝပတ်ဝန်းကျင်စီမံအုပ်ချုပ်မှုစနစ်ကြီးကြောင့် ဖြစ်သည်။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ကပ်ဆိုးများ၊ အထူးသဖြင့် ဇီဝမျိုးကွဲမျိုးတုန်းပျောက်ကွယ်လာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကဲ့သို့သော သဘာဝကပ်ဆိုးများကို ဖြေရှင်းရာတွင် သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်းရှိ ဌာနေကရင်လူမျိုးစုတို့၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစီမံခန့်ခွဲမှုနှင့် ကိုယ်ပိုင်စီမံအုပ်ချုပ်မှုပုံစံတို့သည် အရေးပါသောအခန်းကဏ္ဍများဖြစ်သည်။

ဌာနေကရင်လူမျိုးစုများသည် အာဏာရှင်စစ်တပ်၏ဖိနှိပ်မှုနှင့် ၎င်းတို့၏မဟာလူမျိုးကြီးဝါဒ၊ အတင်းအဓမ္မနေရပ် စွန့်ခွာပြောင်းရွှေ့ရခြင်း၊ မြေယာသိမ်းဆည်းခံရခြင်း၊ နှင့် သဘာဝသယံဇာတ အဆမတန်ထုတ်ယူအမြတ်ထုတ်နေကြသည့် စီမံကိန်းများကပေးသည့်ဆိုးကျိုးများကို ဆယ်စုနှစ်ပေါင်းများစွာ ခါးသည်းစွာ ရင်ဆိုင်ဖြတ်သန်းလာခဲ့ရသည်။ ၂၀၂၁ ခုနှစ်၊ စစ်တပ်အာဏာသိမ်းပြီးချိန်မှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (စကစ) ဟု မိမိကိုယ်ကို အမည်တပ်ခေါ်ဆိုသည့် အာဏာရှင်စစ်တပ်သည် နေရာမရွေး လေယာဉ်ဗုံးကြဲပစ်ခတ်မှုများအပါအဝင် ပြည်သူလူထုကို ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားကာ တိုက်ခိုက်လာခဲ့သည်။ ဤသို့သောအခက်အခဲများနှင့်ရင်ဆိုင်နေရသော်ငြားလည်း မြန်မာနိုင်ငံတစ်ဝန်းရှိပြည်သူလူထုတို့သည် ငြိမ်းချမ်းရေး၊ အာဏာရှင်စနစ်ပြိုလဲရေး၊ နှင့် ပြည်သူလူထုကိုဗဟိုပြုသည့် စစ်မှန်သောဖယ်ဒရယ်ဒီမိုရေစီအုပ်ချုပ်ရေးစနစ်ကို ထူထောင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလုပ်ဆောင်နေကြသည်။ ငြိမ်းချမ်းစွာရှင်သန်နေထိုင်နိုင်ရေးနှင့် မိမိတို့၏နယ်မြေဒေသကို မိမိတို့ကိုယ်တိုင် စီမံအုပ်ချုပ်နိုင်ရေးအတွက် မိမိတို့၏အခွင့်အရေးကို ညီညွတ်စွာဖေါ်ဆောင်နေပါသည်။

သံလွင်ငြိမ်းချမ်းရေး၏ရည်မှန်းချက်ပန်းတိုင်သုံးခုဖြစ်သော ငြိမ်းချမ်းရေးနှင့်ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ သဘာဝပတ်ဝန်းကျင်ကြီးတည်တံ့ခိုင်မြဲရေး၊ နှင့် ရိုးရာယဉ်ကျေးမှုရှင်သန်ရေးတို့ကို ဖေါ်ဆောင်နိုင်ရန်အတွက် ကျွန်ုပ်တို့ဆက်လက်လုပ်ဆောင်သွားမည်။ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အတွင်း သစ်တော၊ မြေယာ၊ နှင့်ကျွန်ုပ်တို့လူသားတို့အကြား၌ရှိသည့် အပြန်အလှန်အကျိုးပြုနေထိုင်သုံးစွဲမှုများကြောင့် အခက်အခဲများကိုကျွန်ုပ်တို့ ယခုအချိန်ထိကျော်လွှားနိုင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ ဘိုးဘွားနယ်မြေဒေသ၊ ရိုးရာယဉ်ကျေးမှုဓလေ့များ၊ နှင့် သဘာဝအရင်းအမြစ်နှင့်ဇီဝမျိုးကွဲများကို အနာဂတ်မျိုးဆက်များအတွက်သော်လည်းကောင်း၊ ကျွန်ုပ်တို့အားလုံးနှင့်သက်ဆိုင်သည့် ကမ္ဘာကြီး၏ဂေဟစနစ်ကျန်းမာတည်တံ့စေရေးအတွက်သော်လည်းကောင်း၊ ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်။

ယနေ့ကျရောက်သည့်အပြည်ပြည်ဆိုင်ရာဌာနေလူမျိုးစုများနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျွန်ုပ်တို့သံလွင်ငြိမ်းချမ်းရေးဥယျာဉ်၏အုပ်ချုပ်ရေးကော်မတီမှ အောက်ပါအချက်များကို တောင်းဆိုလိုက်ပါသည်။

(၁) **ခွဲခြားဆက်ဆံခြင်းနှင့်အကြမ်းဖက်မှုကိုချက်ခြင်းရပ်ပါ** - ကော်သူးလေ၊ မြန်မာနိုင်ငံ၊ နှင့် ကမ္ဘာတစ်ဝန်းရှိ ဌာနေလူမျိုးစုအားလုံးအပေါ် လူမှုရေး၊ ယဉ်ကျေးမှု၊ နှင့် နိုင်ငံရေးအရ ခွဲခြားဆက်ဆံခြင်း၊ မတရားပြုခြင်း၊ နှင့် အကြမ်းဖက်ခြင်းအမျိုးမျိုးကို ချက်ခြင်းရပ်တန့်ပါ။

(၂) **စစ်အာဏာရှင်စနစ်နှင့်၎င်း၏အကြမ်းဖက်တိုက်ခိုက်မှုကို ချက်ခြင်းရပ်ပါ** - မြန်မာနိုင်ငံအတွင်း စစ်အာဏာရှင်စနစ်နှင့်မဟာလူမျိုးကြီးဝါဒကို ချက်ခြင်းရပ်တန့်ပါ။ အာဏာရှင် (စကစ) စစ်တပ်၏ အကြမ်းဖက်တိုက်ခိုက်မှုကို ချက်ခြင်းရပ်တန့်ပါ။ ၎င်းတို့၏တပ်များကို ကျွန်ုပ်တို့၏ဘိုးဘွားမြေပေါ်မှ ချက်ချင်းရုတ်သိမ်းပါ။

(၃) **ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အသိအမှတ်ပြုပါ** - ဘိုးဘွားနယ်မြေဒေသနှင့်သဘာဝအရင်းအမြစ်ဆိုင်ရာ ဌာနေလူမျိုးစုတို့၏ကိုယ်ပိုင်စီမံအုပ်ချုပ်ပိုင်ခွင့်ကို ဒေသအဆင့်၊ နိုင်ငံအဆင့်၊ နှင့် နိုင်ငံတကာအဆင့်အသီးသီး၌ အပြည့်အဝအသိအမှတ်ပြုပါ။

(၄) **ဌာနေလူမျိုးစုတို့၏သဘာဝပတ်ဝန်းကျင်စီမံအုပ်ချုပ်ရေးစနစ်ကို ပံ့ပိုးပါ** - ဌာနေလူမျိုးစုတို့၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲပိုင်ခွင့်နှင့် အုပ်ချုပ်ပိုင်ခွင့်ကို အပြည့်အဝအသိအမှတ်ပြုပါ။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ပြဿနာများကို ဖြေရှင်းရာတွင် ထူးခြားသောဌာနေလူမျိုးစုတို့၏ ဇီဝနှင့်ယဉ်ကျေးမှုဆိုင်ရာအသိပညာများ၊ မိရိုးဖလာဓလေ့ထုံးတမ်းများ၊ နှင့် လုပ်နည်းလုပ်ဟန်များကို လေးစားပါ။

**ပိုမိုသိရှိရန်အတွက် ဆက်သွယ်ရန်**

စောဖေါလ်စိန်ထွား၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ +၆၆ ၈၁၇ ၂၄၇ ၀၉၃
နော်ကညောဖေါ၊ သံလွင်ငြိမ်းချမ်းရေးဥယျာဉ်အုပ်ချုပ်ရေးကော်မတီ၊ +၆၆ ၈၁၀ ၂၉၅ ၅၀၃